The Flower News, 30 March – 05 April 2005

# လူငယ်များအတွက် မျက်မှောက်တွင် အရေးအကြီးဆုံးသည် ပညာရေးရာဖြစ်ကြောင်း အရှေ့အာရှနှင့် ပစိဖိတ်လူငယ်များက ဖိုရမ်တွင် တညီတညွတ်တည်းသဘောတူခဲ့ကြ

**အကြီးတန်းသတင်းထောက်ကျော်ဆုမွန်**
**ဆီရန်ယိမှ တိုက်ရိုက်ပေးပို့သည်**



သတင်းထောက်ကျော်ဆုမွန်(ဝဲ)နှင့် ယူနီဆက်မှ လူငယ်များပါဝင်ဆောင်ရွက်မှု၊ ဒေသဆိုင်ရာအကြံပေးအရာရှိ Mr. Jaochin Theis (ယာ)တို့ ဆွေးနွေးနေစဉ်

Photo : KK

**ဆီရန်ယိ၊ မတ်-၂၀** အရှေ့အာရှနှင့် ပစိဖိတ်ဒေသတို့မှ ကလေးသူငယ်များနှင့်လူငယ်များက ယင်းတို့အတွက် ကောင်းမွန်သောပညာရေးသည် အလေးထားစဉ်းစားဆုံးဖြတ်ပေးရမည့်ကိစ္စဖြစ်ကြောင်း တညီတညွတ်တည်း ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရန်ယိမြို့ရှိ စီးတီးအန်ကောဟိုတယ်တွင် မတ်လ(၂၁)ရက်မှ (၂၃)ရက်အထိ ကျင်းပပြုလုပ်သောအရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကလေးသူငယ်များနှင့်လူငယ်များဖိုရမ်၌ ယင်းကို တက်ရောက်လာကြသောနိုင်ငံပေါင်း(၁၉)နိုင်ငံမှ လူငယ်ကိုယ်စားလှယ်များက ယင်းအချက်ကို အတည်ပြုခဲ့ကြခြင်းဖြစ်သည်။

ဖိုရမ်တွင် အလေးထားသင့်သည်ဟု ဆုံးဖြတ်ခဲ့ကြသော အကြောင်းကိစ္စရပ်များမှာ ပညာရေး၊ အိတ်ချ်အိုင်ဗီအေအိုင်ဒီအက်စ်ရောဂါ၊ ကလေးသူငယ်များကိစ္စရပ်များတွင် ပါဝင်ဆွေးနွေးနိုင်မှု၊ ယဉ်ကျေးမှုပြောင်းလဲခြင်းနှင့် လူငယ်များ၏ အလုပ်အကိုင်အခွင့်အရေးဆိုင်ရာကိစ္စရပ်များဖြစ်ကြသည်။

ယူနီဆက်မှ လူငယ်များ ပါဝင်ဆောင်ရွက်မှု ဒေသဆိုင်ရာ အကြံပေးအရာရှိဖြစ်သူ Mr. Jaochin Theisက 'ကလေးအရွယ်ကနေ လူငယ်အဖြစ်ပြောင်းလဲလာတဲ့အချိန်ကို ၁၀နှစ်

စာမျက်နှာ(၁၄)သို့

**လူငယ်များအတွက် ——————**
**မှ**

ကနေ ၁၉နှစ်အထိသတ်မှတ်ထားတယ်။ ယူနီဆက်က ကလေးသူငယ်ရေးရာအပြင် လူငယ်အရေးအရာဖြစ်တဲ့ အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ကိစ္စတွေ၊ လူကုန်ကူးခံရတာတွေကိုလည်း တဖြည်းဖြည်းနဲ့ ပါဝင်ဆောင်ရွက်ပေးနေတယ်။ ဘာလီမှာလုပ်ခဲ့တဲ့ ခြောက်ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးကစပြီး လူငယ်တွေကိစ္စ စတင်ဆောင်ရွက်လာခဲ့ပါတယ်'ဟု ဖလားဝါးနယူးစ်၏ မေးမြန်းချက်ကို အကျယ်တဝင့် ရှင်းပြခဲ့သည်။

ယခုပွဲတွင် လူငယ်များကို ဦးဆောင်ခဲ့သည့် တရုတ်နိုင်ငံမှ Ms Li Yi က ယခုပွဲသည် သူမအတွက်လေးကြိမ်မြောက် လူငယ်ပွဲဖြစ်ကြောင်း၊ လူငယ်များအရေးကို စိတ်ပါဝင်စားသည့်အတွက် တက်ကြွစွာဆောင်ရွက်နေကြောင်း၊ ယခုလိုပွဲများမှတစ်ဆင့် မိမိနိုင်ငံတွင် အလုပ်ရုံဆွေးနွေးပွဲငယ်များ ပြန်လည်ပြုလုပ်ကာ သိရှိခဲ့သည်များကို ပြန်လည်မျှဝေပေးကြောင်း ပြောကြားသွားသည်။

မတ်လ ၂၃ ရက်မှ ၂၅ရက်ထိ ကမ္ဘောဒီးယားနိုင်ငံ ဆီရန်ယိ၌ပြုလုပ်မည့် (၇)ကြိမ်မြောက် အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ကလေးသူငယ်များဆိုင်ရာ ဝန်ကြီးအဆင့်ဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးနိုင်ရန်အတွက် ယခုဖိုရမ်ကို အကြိုပြုလုပ်ခြင်းဖြစ်ပြီး လူငယ်များ၏အရေးအရာကိစ္စများအား လူငယ်များကိုယ်တိုင် တင်ပြဆွေးနွေးသင့်သည်ဟုယူဆသဖြင့် ယခုကဲ့သို့ကျင်းပရခြင်း ဖြစ်ကြောင်း သိရှိရသည်။

ပစိဖိတ်နှင့် အရှေ့အာရှဒေသရှိ နိုင်ငံတစ်နိုင်ငံချင်းဆီမှ ကလေးသူငယ်များက ယင်းတို့၏အရေးအရာကိစ္စရပ်များကို ကိုယ်တိုင် တင်ပြဆွေးနွေးနိုင်ခဲ့ကြသဖြင့် လူငယ်များ၏ ပကတိလိုအပ်ချက်များကို သိလာရသည်ဟု ဖိုရမ်တက်ရောက်ခဲ့သူတစ်ဦးကပြောသည်။

(၆)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ၂၀၀၃ ခုနှစ်က ကျင်းပပေးခဲ့ပြီး ထိုအစည်းအဝေးများအားလုံးကို ယူနီဆက်အဖွဲ့ကြီးက သက်ဆိုင်ရာနိုင်ငံအစိုးရများနှင့် ပူးပေါင်းစီစဉ်ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။